ဟိုပင်ကျိုင်း ကျေးရွာ
ဟိုပန် မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ – ၂၀၂၄)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဟိုပင်ကျိုင်း ကျေးရွာ၊ ဟိုပန် မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၀ ခုနှစ်၊ ဇွန် လ

မာတိကာ

စဉ်	အကြောင်းအရာ	
၁။	စကားချီး	၃
၂။	ကျေးရွာ သယံဇာတပြန်လည်ပုံ၊	၄
၃။	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
၄။	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ		
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၈
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၈
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၈
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၈
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၉
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၀
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၀
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၇။	ပညာရေး	၁၁
၈။	ကျန်းမာရေး	၁၁
၉။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၂
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၂
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၂
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၂
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၃
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		
	စီမံချက် အဆိုပြုလွှာ (၁)	၁၅
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၇
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၈
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ခုနှစ်မှ ၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကို လည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဇွန် လ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဟိုပင်ကျိုင်း ကျေးရွာ
ဟိုပန်မြို


ဟိုပန် မြို့နယ်၊ ဟိုပင်ကျိုင်း ကျေးရွာ သယံဇာတပြမြေပုံ



ဟိုပန် မြို့နယ်၊ ဟိုပင်ကျိုင်း ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



ဟိုပန် မြို့နယ်၊ ဟိုပင်ကျိုင်း ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဟိုပင်ကျိုင်းကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၏ နောင်မိကျေးရွာ အုပ်စုတွင် တည်ရှိပါသည်။ ဟိုပန်မြို့နယ်၏ အရှေ့ဘက် (၃/၀)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ခြေလျင်တပ်ရင်း(၁၄၃)တပ်၊ အရှေ့တောင်ဘက်တွင် ကောင်းဆန်းကျေးရွာ၊ အနောက်မြောက်ဘက်တွင် ကောင်းကော်ကျေးရွာ စသည်တို့ တည်ရှိပါသည်။ ကျေးရွာတွင် ကိုးကန့်လူမျိုး၊ လီဆူးလူမျိုး၊ လားဟူလူမျိုးများနှင့် "ဝ"လူမျိုးများ အများစုနေထိုင်ကြပြီး ကချင်လူမျိုးများလည်းအနည်းငယ်နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ ပူအိုက်စိုစွတ်သော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၄၆)ဧက၊ ယာမြေ/တောင်ယာမြေ (၉၇)ဧက၊ ဥယျာဉ်ခြံမြေ (၈၆.၅)ဧကနှင့် မြေလွတ်မြေလပ် (၁)ဧက စုစုပေါင်း(၂၃၀.၅)ဧက ရှိပါသည်။ များသော အားဖြင့် မေ လတွင် မိုး စတင်ရွာသွန်းပြီး၊ အောက်တိုဘာ လတွင် မိုးကုန်ပါသည်။ ဇူလှိုင်လတွင် မိုးအများဆုံးရွာသွန်း ပြီး မိုးရေချိန်သည် တစ်နှစ်ပတ်လုံးပျမ်းမျှ(၀.၂၄ မှ ၁၃.၄၇)လက်မ ရွာသွန်းပါသည်။ ပျမ်းမျှအမြင့်ဆုံးအပူချိန် (၃၉) ဒီဂရီစင်တီဂရိတ်အနိမ့်ဆုံးအပူချိန်(၂၆) ဒီဂရီစင်တီဂရိတ် ရှိပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ(၈၀)၊ လူဦးရေ (၄၅၈)ဦးရှိပြီး၊ ကိုးကန့်လူမျိုး၊ လီဆူးလူမျိုး၊ လားဟူလူမျိုးများနှင့် "ဝ"လူမျိုးများ အများဆုံးနေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅.၇)ဦးရှိသောကြောင့် မြန်မာနိုင်ငံ၏ စံနှုန်း ဖြစ်သော တစ်အိမ်ထောင် (၅)ယောက်နှုန်း အထက်တွင် ရှိပါသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း (၅)ဦး၊ (၁.၀၉ %)နှင့် သက်ကြီးရွယ်ကြီး (၂၈)ဦး၊ (၆.၁၁ %)ရှိပါသည်။ (၅)နှစ်အောက် ကလေးငယ် (၂၁)ဦး၊ (၄.၆ %)ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေသည် (၂၇၇)ဦး၊ (၆၀.၄၈ %) ရှိသည့်အတွက် အလုပ်လုပ်နိုင်သောသူ များပြားပါသည်။ ထို့အပြင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေ ထက် (၃.၉၃ %)ခန့် နည်းနေပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင်ကျေးရွာစီမံကိန်းရှိပြီး ကျေးရွာအဆင့်ကော်မတီ ဖွဲ့စည်း၍ အသင်းဝင်များအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ရေလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းတို့ အတွက် ချေးငွေ ထုတ်ချေးပေးခြင်းဆောင်ရွက်ပေးပါသည်။ ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်အဖွဲ့တို့မှာ အချင်းချင်း ချိတ်ဆက်၍ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များအား ပေါင်းစပ်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ဘုရားကျောင်း

ကော်မတီဖွဲ့စည်းထားပြီး ဘုရားကျောင်းအတွက်လိုအပ်သော လျှပ်စစ်မီး၊ ကျောင်းဆောင်၊ အိမ်သာနှင့် အခြားလိုအပ်သောချက်များကို ကျေးရွာသူ/သားများမှ အဆင်ပြေအောင် ဆောင်ရွက်ပေး လျက်ရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး၊ ကျေးရွာ၏ အိမ်ထောင်စု (၄)ပုံ (၁)ပုံ ရှိသော အိမ်ထောင်စု(၂၃)စုမှာ စိုက်ပျိုးမြေယာပိုင်ဆိုင်ခြင်း မရှိပါ။ အဓိကအားဖြင့် ပြောင်းနှင့် တိုင်ထောင်ပဲများကို စိုက်ပျိုးကြပြီး၊ စပါးသီးနှံကို အနည်းငယ်သာ စိုက်ပျိုးကြပါသည်။ လယ်ယာမြေ အသုံးချနိုင်မှု အနေဖြင့် ကျေးရွာပိုင် လယ်/ယာ မြေများသာမက နီးစပ်ရာကျေးရွာများရှိ လယ်ယာမြေများနှင့် အခြား ကျေးရွာများရှိ လယ်/ယာမြေများလည်း ငှားရမ်းလုပ်ကိုင်ကြပါသည်။ စိုက်ပျိုး လယ်/ယာမြေ ပိုင်ဆိုင်ခြင်းမရှိသော အိမ်ထောင်စုများမှာ ကျေးရွာနှင့် ကျေးရွာပြင်ပများ၌ နေ့စား/ကျပန်း လုပ်ကိုင် ကြခြင်း၊ လောင်ကိုင်မြို့နှင့် တရုတ်ပြည်မထဲသို့တွင် သွားရောက်လုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် လယ်မြေများကို ချောင်းရေကို ရေသွင်းမြောင်းမှ ရေသွင်း စိုက်ပျိုးကြပြီး၊ ယာမြေများသည် မိုးရေကိုသာ အဓိကမှီခိုအားထားနေရသောကြောင့် ရာသီဥတု မမှန်သော နှစ်များတွင် အခက်အခဲရှိပါသည်။ စိုက်ပျိုးလယ်/ယာမြေ ပိုင်ဆိုင်ခြင်းမရှိသော အိမ်ထောင်စုများမှာ နေ့စားကျပန်းလုပ်ကိုင်ကြပါသည်။

ကျေးရွာတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု (၃)ပုံအနက် (၁)ပုံခန့်သာ လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ ကျန်အိမ်ထောင်စုများမှာ လက်တွန်း ထွန်စက်ငှားရမ်း သုံးစွဲကြပြီး၊ ကျွဲ များဖြင့် ထွန်ယက်ခြင်း ဆောင်ရွက်ကြပါသည်။ ရေစုပ်စက် (၁၄)လုံး၊ လက်တွန်းထွန်စက်(၁၈)စီး၊ ခွေလှေ စက်(၂၅) လုံး၊ မြတ်ရိတ်စက် (၃၅)လုံး ပိုင်ဆိုင်ကြ ပါသည်။

ကျေးရွာတွင် စိုက်ပျိုးသော သီးနှံမျိုးများနှင့် ဓါတ်မြေဩဇာများ၊ ဓါတုပိုးသတ်ဆေးများအား ဟိုပန်မြို့နှင့် ချင်းရွှေဟော်မြို့တို့မှ တိုက်ရိုက်တယ်ယူသုံးစွဲကြပါသည်။ သဘာဝမြေဩဇာများ အသုံးပြု စိုက်ပျိုးခြင်းမရှိပါ။ ကျေးရွာမှ ထွတ်ရှိသော စိုက်ပျိုးရေးထွတ်ကုန်များကို ဟိုပန်မြို့နှင့် ချင်းရွှေဟော်မြို့ တို့၌ သွားရောက်ရောင်းချကြပါသည်။ တရုတ်ပဲထောင့်ရှည်နှင့် အတိုမျိုး ထွတ်ကုန် များအား ကိုယ်စားလှယ်များမှ ကျေးရွာတွင် လာရောက်ကောက်ယူကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား တစ်နိုင်တစ်ပိုင် ဆောင်ရွက်နေသော အိမ်ထောင်စု အချို့ ရှိပါသည်။ အများအားဖြင့် နွား၊ ကျွဲ၊ ဝက်နှင့် ကြက် တို့ကို မွေးမြူကြပါသည်။ ကျွဲများအား

လုပ်ငန်းသုံး မွေးမြူကြပြီး၊ ဝက်နှင့် ကြက် တို့အား မိသားစုစားသုံးရန်နှင့် မိသားစုဝင်ငွေ ရရှိစေရန် တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းအပြင် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် နေအိမ်၌ ကုန်ခြောက်ပစ္စည်းများရောင်းချခြင်း၊ ခေါက်ဆွဲနှင့် အခြားစားသောက်ဖွယ်ရာများ ရောင်းချခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ထိုပြင် တစ်ပိုင်တစ်နိုင် နှစ်ရှည်ရော်ဘာပင် စိုက်ပျိုး ထားကြပြီး ရော်ဘာအစီးခြောက်နှင့် အချပ်လိုက်ဖြင့် ရောင်းချကြပါသည်။ ပန်းရံလုပ်ငန်း၊ ဆံပင်ညှပ်အလှပြင်ဆိုင်များတွင် လုပ်ကိုင်ခြင်းနှင့် ယာဉ်မောင်းခြင်းများလည်း လုပ်ကိုင်ကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဟိုပန်မြို့ပေါ်၌ မြန်မာ့စီးပွားရေးဘဏ်(ငွေတိုက်ခွဲ)နှင့် သမဝါယမချေးငွေတို့ရှိသော်လည်း ချေးငွေများ ချေးယူခြင်း မရှိကြပါ။ ကျေးလက်ဦးစီးဌာနမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင် ကျေးရွာစီမံကိန်းရှိပြီး ကျေးရွာအဆင့် ကော်မတီဖွဲ့စည်းပေးထားပြီး သက်မှတ်ထား သော လုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးပေးခြင်း ဆောင်ရွက်ပေးပါသည်။ အရင်းငွေကို (၁)နှစ်အတွင်း(ဆပ်)၊ အတိုးနှုန်းအား (၁)ကျပ်တိုးနှုန်းသက်မှတ်ပြီး၊ အတိုးဆပ်ကာလ (၆)လ (၁)ကြိမ် ပေးဆပ်နိုင်ရေး ဆောင်ရွက်ထားပါသည်။ မိတ်ဆွေးများနှင့် ဆွေမျိုးများထံမှ ချေးယူပါက (၃)ကျပ်မှ (၅)ကျပ်တိုးနှုန်း ပေး၍ ချေးငွေရယူ ရပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ထုတ်ချေးခြင်းသာ ပြုလုပ်ကြပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းဆင့်သာရှိပါသည်။ ထို့ကြောင့် မိုးရာသီနှင့် မိုးများ သည့်ရက်များ၌ လမ်းချော်ခြင်း သွားလာရန်ခက်ခဲပါသည်။ ရွာချင်းဆက်လမ်း (၁)လမ်းရှိပြီး ကောင်းဆန်းကျေးရွာနှင့် ကောင်းကော်ကျေးရွာတို့နှင့် ချိတ်ဆက်ထားသောလမ်းမှာ ကတ္တရာလမ်း ဖြစ်ပါသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စု အများစုတွင် မော်တော်ဆိုင်ကယ်များပိုင်ဆိုင်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စု အချို့တွင် ကား၊ ထော်လာဂျီများ ပိုင်ဆိုင်ကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီး ဓါတ်တိုင်များရှိပြီး ပန်မွန်း(ရေအား)မှ လျှပ်စစ်မီးထုတ်လွှတ်ပေး နေပြီး၊ ပုံမှန်သုံးစွဲနိုင်ခြင်းမရှိဘဲ (၁)ရက်လျှင် ည/မနက် (၁)နာရီလောက်သာ လျှပ်စစ်မီးပေးနိုင် ပါသည်။ တစ်ခါတစ်ရံ (၁)ပတ်မှ (၁)လကျော်ခန့် လျှပ်စစ်မီးမရရှိပါ။ ထို့ကြောင့် ကျေးလက်ဦးစီး

ဌာနမှ NEP စီမံကိန်းဖြင့် ပေးထားသော ဆိုလာပြားများ သုံးစွဲသည့် အိမ်ထောင်စု(၅၈)စု ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စု(၁)စုမှာ ဒီဇယ်အင်ဂျင် သုံးစွဲပါသည်။ လျှပ်စစ်မီး မသုံးစွဲနိုင်သည့် အိမ်ထောင်စု မရှိပါ။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် MPT, Mytel, Telenor နှင့် Ooredoo ဖုန်းလိုင်းများ မိပါသည်။ အင်တာနက်လိုင်းမှာ 3G ရရှိပြီး ကျေးရွာထဲ အချို့နေရာများတွင် အင်တာနက်လိုင်း မကောင်းပါ။

၇။ ပညာရေး

ကျေးရွာတွင် အစိုးရပညာရေးကျောင်း (အ.မ.က)ကျောင်းရှိပါသည်။ ၎င်းကျောင်းတွင် သွားရောက် ပညာသင်ကြားကြပြီး လက်ရှိတွင် ပညာသင်ကြားနေသော ကျောင်းသား/သူ ဦးရေ စုစုပေါင်း (၁၁၈)ဦးရှိပါသည်။ ကျေးရွာအတွင်းမှ အထက်တန်းကျောင်း သင်ကြားနေသူ (၁)ဦးရှိပြီး လားရှိုးမြို့ပေါ်ရှိ အထက်တန်းကျောင်းတွင် သွားရောက် ပညာသင်ကြားလျက်ရှိပါသည်။ တက္ကသိုလ်/ကောလိပ်အဆင့်တွင် သင်ကြားနေသူ (၁)ဦးရှိပြီး လားရှိုးတက္ကသိုလ်တွင် သင်ကြားနေပါသည်။

ကျေးရွာရှိကျောင်းသည် မူလတန်းကျောင်းဖြစ်သောကြောင့် ကျေးရွာတွင်းရှိ ကျောင်းသား/သူ အများစုသည် အလယ်တန်းအဆင့်ကို ကောင်းကော်ကျေးရွာရှိ (မူလွန်၊ကျောင်း)တွင် တတ်ရောက်ပြီး အထက်တန်းအဆင့်ကို ဟိုပန်မြို့(အ.ထ.က)ကျောင်း၌ တက်ရောက် ပညာသင်ကြားကြပါသည်။ ကျောင်းသားအချို့မှာ ပညာရေးစိတ်တင်စားမှု အားနည်းခြင်း၊ မိသားစုအတွင်း ငွေကြေးအဆင်မပြေခြင်း စသည်တို့ကြောင့် အလယ်တန်း အောင်မြင်ပြီးပါက ကျောင်းထွတ်ကာ မိဘတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ၌ ဝင်ရောက်ကူညီ လုပ်ကိုင်ပေးကြပါသည်။ ကျောင်းသား/သူ ကိုယ်တိုင် ပညာရေးဘက်စိတ်ဝင်စားမှုရှိခြင်း၊ မိဘတို့လည်း ငွေကြေး အဆင်ပြေသော အိမ်ထောင်စုများမှာ အထက်တန်းပညာကို ဆက်လက်သင်ကြားကြပါသည်။

လက်ရှိတွင် ကျေးရွာအတွင်းရှိ လူဦးရေ၏ (၄၁.၀၄)ရာခိုင်နှုန်းသည် အတန်းပညာစာမတတ်ကြပါ။ အများစုသည် သက်ကြီးရွယ်အို များဖြစ်ကြပါသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း မရှိပါ။ ကျေးရွာအုပ်စုအတွင်းရှိ နောင်မိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဆေးပေးခန်းရှိပါသည်။ ကျေးရွာနှင့် (၁/၀)မိုင်ခန့်အကွာတွင် ရှိပါသည်။ ကျေးလက်ဆေးပေးခန်းမှ မိခင်နှင့်ကလေး၊ ကိုယ်ဝန်ဆောင် မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးပါသည်။ သက်ကြီးရွယ်အို များကို အိမ်တိုင်ရာရောက် ကုသပေးခြင်း၊ ဆေးပေးခန်း၌ ပုံမှန်ကုသ ပေးခြင်းများ ဆောင်ရွက်ပါသည်။ ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲသည် ကျေးရွာအုပ်စု(၃)စုအား

တာဝန်ယူဆောင်ရွက်ပေးနေ ရပါသည်။ ၎င်းကျေးရွာအုပ်စုများသို့ ကွင်းဆင်းပြီး ကာကွယ်ဆေးထိုးနှံခြင်း၊ ကုသပေးခြင်းများ ဆောင်ရွက် ပေးပါသည်။ ထို့အပြင် အုပ်စုအတွင်းရှိ ကျောင်းများတွင် ကာကွယ်ဆေးထိုးနှံခြင်းများလည်း ဆောင်ရွက်ပေးပါသည်။

ကျေးရွာတွင် ၄င်္ဂါဖျားဖြစ်ပွားမှု များပြားသော်လည်း ရောဂါပြင်းထန် သေဆုံးသူမှာ မရှိပါ။ ကျေးရွာရှိ သက်ကြီးရွယ်ကြီးများ၊ လူလတ်ပိုင်းအများစုတို့၌ သွေးတိုးရောဂါဖြစ်ပွားမှုများ အနည်းငယ်ရှိပါသည်။ ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ခါတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကိုသာ အများဆုံး သုံးစွဲလျက်ရှိသောကြောင့် မြေဆီမြေဩဇာများ ပျက်စီးမှုများရှိပါသည်။ ကျေးရွာအတွင်းရှိ စွန့်ပစ်ပစ္စည်းများအား မိမိတို့ အစီအစဉ်ဖြင့်သာ မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာ၏ အပြင်နီးစပ်ရာ စွန့်ပစ်နေရာများ၌ သွားရောက်စွန့်ပစ်ခြင်းများ ပြုလုပ်ကြပြီး၊ ယခုအချိန်တွင် ကျေးရွာရှိ ရပ်မိရပ်ဖများအနေဖြင့် အမှိုက်စွန့်ပစ်ရန် နေရာသက်မှတ်ကာ စနစ်တကျစွန့်ပစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ရှေးရိုးစွဲ အယူအဆများနှင့် အမျိုးသမီးများကိုယ်တိုင်လည်း ခေါင်းဆောင်ပါဝင်ရန် စိတ်ဝင်စားမှု နည်းပါးသည့် အတွက် အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်ခေါင်းဆောင်မှု နည်းပါးလျှက်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျှက် ရှိပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်များအနားယူ အပန်းဖြေရာနေရာများ မရှိဘဲ၊ ရာသီအလိုက် ပွဲတော်များဖြစ်သော နှစ်သစ်ကူးပွဲ၊ ကိုးကန့်နှစ်သစ်ကူးပွဲ ခရစ်စမတ်ပွဲ၊ ကောက်သစ်စားပွဲနှင့် အခြားဘာသာရေးပွဲလမ်းသဘင်များ ရှိပါသည်။ ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အိုများ၊ ရပ်မိရပ်ဖများနှင့် လူငယ်လူရွယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများ၊ ရိုးရာဓလေ့ ထုံးစံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် မူးယစ်ဆေးသုံးစွဲခြင်း အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်ကြပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	စိမ့်စမ်းရေသွယ်ယူခြင်း(GI)ပိုက်	၁	Â				
၂	ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း	၂		Â			
၃	မွေးမြူရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်း	၃			Â		
၄	ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်ခြင်း	၄			Â		
၅	မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး အသိပညာ ဟောပြောပွဲ ပြုလုပ်ပေးခြင်း	၆		Â	Â	Â	Â

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ဟိုပင်ကျိုင်း
ကျေးရွာအုပ်စု	- နောင်မို
မြို့နယ်	- ဟိုပန်မြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်းပြည်နယ် (မြောက်ပိုင်း)
စီမံချက်အမည် - စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျွန်တော်တို့ကျေးရွာသည် အိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ တိုးပွာလာသည့်အတွက် အိမ်သုံး၊ သောက်သုံးခြင်း၊ ရေချိုးခြင်း၊ တိရစ္ဆာန်များအတွက်ရေမလုံလောက်သည့် အခက်အခဲ ဖြစ်နေပါသည်။ ကျေးရွာတွင် တာဝန်ထမ်းဆောင်ရန် ရောက်ရှိနေသော ပညာရေးဝန်ထမ်းများ အတွက်လည်း ရေမလုံလောက်သည့် အခက်အခဲများဖြစ်နေပါသည်။	
စီမံချက်၏ ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) ကျွန်တော်တို့ကျေးရွာသည် အိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ တိုးပွာလာသည့်အတွက် လက်ရှိရယူနေသော စိမ့်စမ်းရေထွတ်တွင် ရေသိုလှောင်နိုင်ရန် ရေတားတမံတည်ဆောက်ခြင်း၊ ယခင်တည်ဆောက်ပေးထားသော ရေစုကန်သည် ရှိသော်လည်း မလုံလောက်သည့်အတွက် ရေစုကန်(အသစ်) တစ်လုံးတည်ဆောက်လိုပါသည်။	
မျှော်မှန်းအကျိုးရလာဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေတားတမံနှင့် ရေစုကန်များ ပြီးစီးသွားလျှင် ကျေးရွာသူ/သားများအပြင် ကျေးရွာတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံဝန်ထမ်းများအတွက်လည်း သောက်ရေ၊ သုံးရေ အတွက် လုံလောက် အဆင်ပြေသွားနိုင်မည်ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) စိမ့်စမ်းရေသွယ်ယူခြင်း၊ (၆၈၀၀')	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀.၀၀(ငွေသား) • ၃.၀၆(ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၂၀	၂၃၈	၄၅၈	၇	၅၆	၁၅	၂	၈၀
အကျိုးခံစားမည့် ဦးရေ	၂၂၀	၂၃၈	၄၅၈	၇	၅၆	၁၅	၂	၈၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်ထည်ဖော်မည့်အဖွဲ့အစည်း (များ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ/သားများ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၁၄.၃.၂၀၂၀
(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၇.၄.၂၀၂၀
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် ကျေးရွာသူများ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း (စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း)တွင် လုပ်အား/ငွေအား ပါဝင်လာစေရန် ရပ်မိ/ရပ်ဖ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ တိုက်တွန်း နှိုးဆော်သွားမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ရပ်မိ/ရပ်ဖအဖွဲ့ဝင်များ ပါဝင်ခြင်းဖြင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း၊ ပြီးစီးသွားသောလုပ်ငန်းပြင်ဆင် ထိန်းသိမ်းခြင်းအား ကျေးရွာသူ/သားများ စုပေါင်း ပြုပြင်ဆောင်ရွက်သွားမည်။

နောက်ဆက်တွဲ (၁)

ဟိုပင်ကျိုင်း ကျေးရွာ ၊ နောင်မို ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအိုက်ဆမ်	ဦးအိုက်ဆိုင်	၁၃/ဟပတ(နိုင်) ၀၁၃၅၉၅	၅၅	ဥက္ကဋ္ဌ	
၂	ဦးဇော်တူး	ဦးဇော်လှ	၁၃/ဟပတ(နိုင်) ၀၀၀၀၅၀	၄၈	အတွင်းရေးမှူး	
၃	ဒေါ်ဂျုံးနန်း	ဦးဇယ်ဂျုံး	၁၃/ဟပတ(နိုင်) ၀၁၉၉၂၄	၃၃	စာရင်းကိုင်	
၄	ဦးကြိုလော်ဝင်	ဦးကြိုကွေးရှိ	HPG – ၀၈၀၀၈၇	၆၂	ဘဏ္ဍာရေးမှူး	
၅	ဒေါ်ရှောက်အေး	ဦးရန်တား	HPG – ၀၇၉၇၈၃	၅၃	သေ့ကိုင်(၁)	
၆	ဦးစွန်ဝင်	ဦးလော်ရှောက်မှီ	၁၃/ဟပတ(နိုင်) ၀၁၃၆၁၀	၃၈	သေ့ကိုင်(၂)	
၇	ဦးရန်ချီ	ဦးရန်ချောက်ရှုံးပေါင်	HPG – ၀၈၇၈၄	၃၈	အဖွဲ့ဝင်	
၈	ဦးညီနပ်	ဦးဆိုင်ခွက်	၁၃/ဟပတ(နိုင်) ၀၀၉၂၁၂	၅၀	အဖွဲ့ဝင်	
၉	ဦးလော်ဆန်း	ဦးဖုန်ဆုန်ဆိုင်	၁၃/ဟပတ(နိုင်) ၀၀၉၈၅၁	၅၅	အဖွဲ့ဝင်	

နောက်ဆက်တွဲ(၂)

နောင်မို ကျေးရွာအုပ်စု၊ ဟိုပင်ကျိုင်း ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁)ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က)လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၄	၅
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၁	၁၀	၂၁
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၇	၃၉	၅၆
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၄	၃၇	၇၁
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၄၅	၁၃၂	၂၇၇
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၂	၁၆	၂၈
စုစုပေါင်း		၂၂၀	၂၃၈	၄၅၈
စုစုပေါင်း အိမ်ထောင်စု				၈၀

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)
နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)
နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)
နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)
နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅)
နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)
နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ဟိုပင်ကျိုင်းကျေးရွာတွင် ကိုးကန့်လူမျိုး၊ "ဝ"လူမျိုး၊ လီဆူးလူမျိုးနှင့် လားဟူလူမျိုးများ အများစု နေထိုင်ကြပါသည်။ ကျေးရွာသည် (၈၀)အိမ်ထောင်စုရှိပြီး လူဦးရေ (၄၅၈)ဦး ရှိပါသည်။ ကျေးရွာတွင် တစ်အိမ်ထောင်မျှမ်းမျှလျှင် ၅.၇ ဦးနှုန်းရှိသောကြောင့် မြန်မာနိုင်ငံ၏ တစ်အိမ်ထောင်လျှင်ရှိရမည့် လူဦးရေနှုန်းထက် များနေပါသည်။ နို့စို့အရွယ်ကလေးဦးရေ ၅ ဦး၊ ၁.၀၉

ရာခိုင်နှုန်း၊ သက်ကြီးရွယ်ကြီးဦးရေ ၂၈ ဦး၊ ၆.၁၁ ရာခိုင်နှုန်း ရှိသောကြောင့် နို့စို့အရွယ်ကလေးဦးရေနှင့် သက်ကြီးရွယ်ကြီးဦးရေး နှိုင်းယှဉ်သော် သက်ကြီးရွယ်ကြီးဦးရေသည် ၅ ဆကျော်နီးပါး မြင့်မားနေသည့် အတွက် မွေးဖွားနှုန်းလျော့နည်းနေသည်ကို တွေ့ရသည်။ အလုပ်လုပ်နိုင်သောဦးရေ ၂၇၇ ဦး၊ ၆၀.၄၈ ရာခိုင်နှုန်းရှိသောကြောင့် အလုပ်လုပ်ကိုင်နိုင်သည့် ဦးရေများပြားပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၉	၁၂၀	၁	မြင့် ☐လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၉	၂၁	၃	မြင့် ☐လတ် ☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၈	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐နိမ့် ☐
၄	သစ်တောလုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနံရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၃	၂၇	မြင့် □လတ် ☑နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၃	မြင့်□လတ် ☑နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □ နိမ့် □
	အလုပ်သမား /	၀	၀	၀	မြင့် □လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနံရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၂	မြင့် ☐လတ် ☑ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၄	မြင့် ☐လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့် ☐လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနှိုက်ပါ။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ် □နိမ့် □
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၂၀	၄၆	၆၂	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနှိပ်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၂၁	မြင့် ☐ လတ် ☑နိမ့် ☐
	စုစုပေါင်း	၈၀	၁၉၀	၁၃၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိ အိမ်ထောင်စု(၁၀၀)ရာခိုင်နှုန်းတွင် အိမ်ထောင်စု(၇၃)ရာခိုင်နှုန်းသည် စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြသည်။ အချို့အိမ်ထောင်စုများသည် နှစ်ရှည်ရော်ဘာပင်များမှ ရော်ဘာကုန်ကြမ်းများထုတ်လုပ်ရောင်းချကြသည်။ စိုက်ပျိုးမြေယာမရှိသည့် အိမ်ထောင်စုများမှာ နေ့စား၊ ကျပန်းအလုပ် လုပ်ကိုင်ကြသည်။ အခြားဒေသများသို့ အလုပ်ဝင်ငွေပိုမိုရရှိရန် ထွက်ခွာပြီး လုပ်ကိုင်ကြသူများလည်းရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၁၀၀၀၀	၁၀၀၀၀	၁၀၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထု	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	တ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၀	၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အမျိုးသမီး/အမျိုးသား လုပ်အားခကို တန်းတူသတ်မှတ်ပေးချေကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၄၆	ကောင်း ☐ သင့်☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၉၇	ကောင်း ☐ သင့်☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၈၆.၅	ကောင်း ☐ သင့်☑ ညံ့ ☐
ကိုင်း/ ကျွန်းမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်	၁	ကောင်း ☐ သင့်☑ ညံ့☐
စုစုပေါင်း	၂၃၀.၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)

မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏စိုက်ပျိုးမြေယာများမှာ လယ်မြေ(၄၆)ဧက၊ တောင်ယာမြေ (၉၇)ဧက၊ ဥယျာဉ်ခြံမြေ(၈၆.၅)ဧကနှင့် မြေလွတ်မြေလပ်(၁)ဧက စုစုပေါင်း(၂၃၀.၅)ဧကရှိပါသည်။ ကျေးရွာ၏ လယ်မြေအများစုမှာ နမ့်ဆောင်ချောင်းနံဘေး တစ်လျှောက်တည်ရှိပါသည်။ အချို့လယ်မြေများကို ရေသွယ်မြောင်းဖောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးကြသည်။ လယ်မြေ၊ တောင်ယာမြေနှင့် ဥယျာဉ်ခြံမြေများ မြေဆီလွှာ အတော်အသင့်ကောင်းမွန်ပြီး စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် အဆင်ပြေပါသည်။ လယ်/ယာမြေများတွင် ပြောင်း၊ ကြံနှင့် တိုင်ထောင်ပဲ စသည့် သီးနှံများကို အဓိကစိုက်ပျိုးလုပ်ကိုင်ကြသည်။ စပါးစိုက်ပျိုးစရိတ်ကုန်ကျငွေများပြားလာသည့်အတွက် စိုက်ပျိုးသည့် တောင်သူနည်းပါးလာပါသည်။ စိုက်ပျိုးသီးနှံများအထွက်နှုန်းကောင်းရန် ဓါတ်မြေဩဇာများ သုံးစွဲမှာသာ သီးနှံအထွက်နှုန်းပိုမိုကောင်းမွန်သည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ခက်☑ အသုံးမပြုနိုင်ပါ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ သတ္တုနှင့်အခြားတွင်းထွတ်သယံဇာတများ ကျေးရွာအနီးဝန်းကျင်တွင် မရှိပါ။ ကျေးရွာ၏ အရှေ့ဘက်တွင် ကျောက်တောင်(၂)နေရာရှိပါသည်။ ကျောက်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ထုတ်ယူသုံးစွဲရန် ခက်ခဲပါသည်။ သဘာဝအပင် မျိုးစိတ်များ(နွားစာ၊ ဆေးဘက်ဝင်အပင်များ) ကျေးရွာအနီးဝန်းကျင်တွင် အနည်းငယ် ပေါက်ရောက်ပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ်များ ကျေးရွာအနီးဝန်းကျင်တွင် အနည်းငယ်တွေ့ရှိရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၇	၅၆	၁၅	၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ကောင်းကော်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၇)စုမှာ စီးပွားရေး လုပ်ငန်းအဆင်ပြေပြီး တိုက်အိမ်၊ ကား/ထော်လာကျီ၊ ဆိုင်ကယ်များ ရှိပါသည်။ အလယ်အလတ် ရှိသောအိမ်ထောင်စု(၅၆)စုမှာ စီးပွားရေးလုပ်ငန်း အတော်အသင့်အဆင်ပြေပြီး တိုက်အိမ်၊ ကား/ထော်လာကျီ၊ ဆိုင်ကယ်များ ရှိပါသည်။ မပြေလည်သော အိမ်ထောင်စု(၁၅)စုမှာ နေ့စား/ကျပန်းလုပ်ကိုင်ကြပြီး ဝါးထရံသွပ်မိုး၊ ဆိုင်ကယ်များပိုင်ဆိုင်ပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စု(၂)စု စုစုပေါင်း (၈၀)အိမ်ထောင်စုရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင် စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်း စာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
		အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြစ်မှသာလျှင်အထိ ဝမ်းစာဖူလုံမှု	၀	အခြားအစားပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၁
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			၀
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ဆင်းရဲ၍ မိသားစုဦးရေများပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၁)စုရှိပါသည်။ ၎င်းမိသားစုတွင် သားကြီးမှာ ယခင်ကခိုးမှုကြောင့် အများ၏ ရိုက်နှက်ထားသဖြင့် အလုပ်မလုပ်နိုင်ပါ။ သားငယ်မှာလည်း လက်ကြောမတင်း၊ မိခင်မှာလည်း အလုပ်အကိုင်ပုံမှန် မလုပ်ကိုင်သဖြင့် မိသားစုတွင်းခက်ခဲနေပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေစိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာထိခိုက်နိုင်မှုတွင် ၄က်ဖျားရောဂါဖြစ်ပွားပါက ကျေးရွာသားများ အချင်းချင်း ကူးစက်လာနိုင်ပါသည်။ တီဘီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများသည် ကျေးရွာသူ/သားများ တိကျစွာ စစ်ဆေးထားမှုမရှိသဖြင့် မသိရှိနိုင်ပါ။ ၂၀၁၉ခုနှစ်အတွင်း အာဖရိက ဝက် အပြင်းဖျားရောဂါ ကျရောက်သည့်အတွက် ကျေးရွာထဲ၌ မွေးမြူထားသော ဝက်များ အကုန်နီးပါး သေဆုံးကုန်ကြသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသ တွင်နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ လူရွယ်လူငယ်နှင့် အမျိုးသားများတွင် မူးယစ်ဆေးဝါး၏ အန္တရာယ်ထိခိုက်သက်ရောက်နိုင်မှု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင်း ယာဉ်မောင်း၍ အသက်မွေးလုပ်ကိုင်ကြသည့် မိသားစုရှိသဖြင့် ထိခိုက်သက်ရောက်နိုင်ပါသည်။ လူငယ်များအချို့ မူးယစ်ဆေးသုံးစွဲခြင်းနှင့် မော်တော်ဆိုင်ကယ် မဆင်မခြင် မောင်းနှင်ခြင်းများရှိပါသည်။ ငါးကန်တူးဖော်ထားပြီး ငါးမွေးမြူရေးလုပ်ကိုင်သည့် (၁)အိမ်ထောင်စုရှိပါသည်။ လက်လုပ်လက်စားများနှင့် ကျပန်းလုပ်သားများမှာ အလုပ်အကိုင် အခွင့်အလမ်းများ လျော့နည်းလာပါက မိသားစုဝင်ငွေရရှိမှုတွင် ထိခိုက်လာနိုင်သည်။ နယ်စပ်ဒေသတွင် နေထိုင်ကြပြီး ကျေးရွာအနီးအနားတွင် အစိုးရခြေလျင်တပ်(၁၄၃)တပ်နှင့် ၎င်း၏ ကပ်လျက်တွင် "ဝ"အထူး(၂)တပ်စခန်းရှိသောကြောင့် ပဋိပက္ခဖြစ်လာပါက ထိခိုက်မှုများလာနိုင်ပါသည်။။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဧယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး/ရပ်မိရပ်ဖအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၈	၁	၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	
၂	မြစိမ်းရောင်ကော်မတီအဖွဲ့	၁ ☑ ၂ ☐ ၃ ☐	၁	၁	၂	ပညာရေး ☐ ဌေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	ပြည်သူ့စစ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၅	၀	၅	ပညာရေး☐ ဌေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၄	ရေပေးရေးကော်မတီအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၅	၂	၇	ပညာရေး☐ ဌေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပန်လော့ကျေးရွာနှင့်ပေါင်း၍ မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေစီမံကိန်း လည်ပတ်ဆောင်ရွက်လျှက်ရှိပါသည်။ ၎င်းတို့သည် အသင်းဝင်များအား ချေးငွေ ထုတ်ချေးပေးပါသည်။ ရပ်မိရပ်မိအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်အဖွဲ့တို့မှာ အချင်းချင်းချိတ်ဆက်၍ ကျေးရွာတွင် သာရေး/ နာရေး၊ လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များအား ပေါင်းစပ်ဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ်

ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၃	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၂	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၄	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၀	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၈၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း မြေကော အများအပြားပိုင်ဆိုင်သူ(၁)ဦးရှိပါသည်။ အများစုမှာ စိုက်ပျိုးလယ်ယာမြေ အသင့်အတင့်သာပိုင်ဆိုင်ကြပါသည်။ မြေယာမဲ့ အိမ်ထောင်စု(၂၃)စုရှိပြီး ကျေးရွာ၏

(၂၉)ရာခိုင်နှုန်းခန့်ရှိပါသည်။ ၎င်းအိမ်ထောင်စုအချို့မှာ ဆွေမျိုးများနှင့် အခြားများ၏ လယ်ယာမြေများ ငှားရမ်း စိုက်ပျိုးလုပ်ကိုင်ကြသည်။ မိမိတို့၏ လယ်ယာမြေစိုက်ပျိုးသီးနှံများ သိမ်းဆည်းပြီးပါက အခြားသူများ၏ စိုက်ခင်းများတွင် လုပ်အားအငှားလိုက်ခြင်း၊ နေ့စား/ကျပန်းလုပ်ကိုင်များ လုပ်ကိုင်ကြသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကို သာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကို သာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ ☑	မဖြေဆိုပါ☑
၈	ချောင်းရေ	၄၆	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂)

ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ လယ်များတွင် စိုက်ပျိုးရာသီအချို့လများတွင် ရေသွင်းနိုင်ရေးအတွက် အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်နေရသဖြင့် သီးနှံများအထွတ်နှုန်းကျဆင်းခြင်း၊ အချိန်မှန် မသိမ်းနိုင်ခြင်း၊ လုပ်အားပိုမို သုံးစွဲရခြင်းများဖြစ်ပေါ်လျက်ရှိသည်။ စပါးသီးနှံနှင့် တိုင်ထောင်ပဲသီးနှံ စိုက်ပျိုးချိန်တွင် ရက်ရှည်လများစွာရေသွင်းရသဖြင့် ရေလုံလောက်ခြင်းမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ပြောင်း	၉၇	တင်း	၆၀	၈၀	၇၀	မေ	ဩဂုတ်	မြင့် ☐ လတ်☑ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☑
စပါး	၂၀	တင်း	၈၀	၁၀၀	၉၀	ဇွန်	နိုဝင်ဘာ	မြင့် ☐ လတ် ☑ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☑
ကြံ	၄၀	တန်	၂၂	၃၀	၂၆	မတ်	ဇွန်	မြင့် ☐ လတ် ☑	မြင့် ☑ လတ် ☐

သီးနှံ	စုစုပေါင်းစိုက်ကွက်	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								နိမ့် ☐	နိမ့် ☐
တိုင်ထောင်ပဲ	၄၆	ကီလို	၂၅၀၀	၃၅၀၀	၃၀၀၀	ဇန်နဝါရီ	မတ်	မြင့် ☐ လတ်☑ နိမ့် ☐	မြင့် ☑ လတ် ☐ နိမ့် ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ လယ်ယာမြေများတွင် စပါးစိုက်ပျိုးကြပြီး မိသားစုစားသုံးရန်အတွက်သာ အဓိကစိုက်ပျိုးကြသည်။ အဘယ်ကြောင့်ဆိုသော် စပါးမျိုးရွေးရခြင်း၊ စိုက်စရိတ်မြင့်မားခြင်းများကြောင့်ဖြစ်သည်။ ပြောင်းသီးနှံကို မိမိတို့၏ မွေးမြူရေးလုပ်ငန်းတွင်သုံးခြင်း၊ တရုတ်သို့ရောင်းချကြသည်။ ကြံသီးနှံကို တရုတ်ကုန်သည်များမှ မျိုး၊ ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးပါသည်။ ကြံခုတ်သိမ်းရောင်းချချိန်တွင် တရုတ်ကိုယ်စားလှယ်များမှ ယခင်စိုက်ထုတ်ပေးထားသောငွေကြေး ပြန်လည်ဖြတ်တောက်၍ ကျန်ငွေသာ ပေးချေပါသည်။ ကြံစိုက်ပျိုးပြီး (၃)နှစ်အထိ လမိုင်းထားကြသည်။ ကြံရောင်းချလိုက်သော်လည်း တစ်ခါတစ်ရံ လက်ငင်း မပေးချေသည့်အတွက် စိုက်ပျိုးတောင်သူများ အခက်အခဲဖြစ်ပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၁၈	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြေလှေ့စက်	၂၅	၀	၀	၀

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ရေစုပ်စက်	၁၄	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၃၅	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စုများ လုပ်ကိုင်နေသော ယာမြေများသည် တောင်စောင်းများဖြစ်ခြင်း၊ လယ်မြေများမှာ လှေကားထစ်ဖော်၍ လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။ လက်တွန်းထွန်စက်များ အသုံးပြု၍ ထွန်ယက်ကြပါသည်။ ယခုနောက်ပိုင်းတွင် တရုတ်မှတင်သွင်းသော စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများ ဝယ်ယူအသုံးပြုခြင်း များပြားလာပါသည်။ စက်ပစ္စည်းသုံး၍ လုပ်ကိုင်ခြင်းမှာ အချိန်ကုန်သက်သာပြီး လုပ်ငန်းပြီးမြောက်မြန်ပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း ☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ ☑ မဖြေဆိုပါ ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☑ ရသည် ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည်☑

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
နစ်သွင်းအားစုများ	မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကြံ/ပဲ သီးနှံမျိုး/စေ့များကို တရုတ်ကုမ္ပဏီများမှ ကျေးရွာအရောက် အကြွေးစနစ်ဖြင့် လာရောက်ရောင်းချ ခြင်းရှိပါသည်။ အခြား သီးနှံများဝယ်ယူရန် အတွက် မြစိမ်းရောင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေမှ ရရှိပါသည်။ လုပ်သားများအား အောက်ပြည်မှ လာရောက်သူများကို ငှားရမ်းလုပ်ကိုင် ကြသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☐

